# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# မဲတိုင်းကျေးရွာ

# ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂– ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မဲတိုင်းကျေးရွာ၊ တောင်ကြီးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကူညီရေးဆွဲသည်)

## မာတိကာ


မာတိကာ

စကားချီ

မဲတိုင်းကျေးရွာသယံဇာတပြမြေပုံ၊ တောင်ကြီးမြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှုလမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ ခေတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား၁၇ သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား၂၀ မွေးမြူရေးကဏ္ဍာထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား၂၃က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း များ

ဇယား၂၃ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း

ဇယား၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတက်မြောက်မှု နှုန်း

ဇယား၃၁ ကျောင်းတက်နှုန်း

ဇယား၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား၃၄ အဖြစ်များသော ရောဂါများ

ဇယား၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား၃၇ သောက်သုံးရေရရှိမှု

ဇယား၃၈ အိမ်သာအမျိုးအစား

ဇယား၃၉ ကျားမကိစ္စရပ်ဆိုင်ရာ

ဇယား၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာအခြေအနေ

ဇယား၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု

ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်ပံ့ ဖြစ်စေသောအခြေအနေကောင်းများကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင် ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၀၂၇ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်အကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ကျေးရွာသူကျေးရွာသား များပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင် ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအ စီ အစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် အချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်း ဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အတွက်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်း ကိုလည်းကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့်ကိန်းဂဏန်းအချက် အလက်များထပ်ဖြည့် ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှုပေါ်ပေါက်လာမည့် အခက်အခဲများ ၊ဦးစားပေးရွေး ချယ်ပေးမှု များနှင့်လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည့်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မည့် အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

**ဇန်နဝါရီလ၊ ၂၀၂၃ ခုနှစ်။**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**မဲတိုင်းကျေးရွာ**
**တောင်ကြီးမြို့နယ်**

မဲတိုင်းကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ



ရည်ညွှန်း   တောင်ကြီးမြို့နယ်၊ မဲတိုင်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (ဇန်နဝါရီလ၊ ၂၀၂၃ခုနှစ်)



ကျေးရွာအတွင်းအပြင်အဖွဲ့အစည်းများချိတ်ဆက်ဆောင်ရွက်မှု



**ကျေးရွာရာသီခွင်ပြဇယား**

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## (၁) နိဒါန်း ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါ သည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များစာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ

လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက် များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒေသတို့၏သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့ အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းအချင်း ပေါင်းစည်းညှိနှိုင်း စီစဉ်စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင် ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုနှစ်အလိုက်ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်း ဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ုပ်တို့ မဲတိုင်းကျေးရွာသည် တောင်ကြီးမြို့နယ်၊ ပင်တွန်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး တောင်ကြီးမြို့မှ (၆၀)မိုင်ခန့်ကွာတွင်တည်ရှိပြီး ကျေးရွာ၏ အရှေ့ဘက်တွင်ကျောက်တလုံးကြီးမြို့၊ မြောက်ဘက်တွင်ကောင်လေကျေးရွာနှင့် တောင်ဘက်တွင် နောင်ဟဲယယ်ကျေးရွာ၊ အနောက်မြောက် ဘက်တွင် နောင်ဖက်ပုန်းကျေးရွာများနှင့် ကျေးရွာချင်းဆက်စပ်လျှက်ရှိပါသည်။

(ခ) **သဘာဝအရင်းအမြစ်များ**

ကျွန်ုပ်တို့ကျေးရွာသည် သဘာဝအရင်းအမြစ်အဖြစ်ကျေးရွာမှ ထိန်းသိမ်းထားသော သစ်တောရှိသော်လည်း စိမ့်စမ်းရေးရရှိပြီး ၁၂လရာသီကာလပတ်လုံး ရရှိပါသည်။ စိုက်ပျိုးရေး ကိုအဓိကထားလုပ်ကိုင်ကြရပါသည်။ ကျေးရွာပိုင် စိမ့်စမ်းရေ ထွက်မှရေကိုလည်းသောက်သုံးရေ နှင့်စိုက်ပျိုးရေအဖြစ်လည်း အသုံးပြုကြပါသည်။ ကျေးရွာရှိ မိသားစုများမှာ စိုက်ပျိုးရေးကိုသာ

ကိုအဓိကထားလုပ်ကိုင်ကြပါသည်။

(၃) **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု(၈၅)စုရှိပြီး လူဦးရေပေါင်း(၅၁၇)ဦး ရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်စုလျှင်(၅-၆)ဦးအထိရှိပြီး ပအိုဝ့်လူမျိုးများသာ နေထိုင်ကြပါသည်။ အသက် (၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ(၃၇၃)ဦးရှိသောကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ကောင်းမွန်သောအခြေအနေကောင်းများလည်းရှိပါသည်။ (၁၅)နှစ်အောက် လူဦးရေနှင့်အသက်(၆၅)နှစ်အထက်လူဦးရေမှာ(၁၄၄)ဦးသည်ရင်ခွင်ပိုက် ကလေး၊ ပညာသင်ကြား နေသော ကလေးသူငယ်များနှင့် မိသားစုကိုမှီခိုနေရသော အသက်ကြီးပိုင်းလူဦးရေများ ဖြစ်ကြပါ သည်။

(ခ) **စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာမိသားစုများ၏အဓိကဝင်ငွေရလုပ်ငန်းမှာ သနပ်ဖက်၊ပြောင်း ၊စပါး စိုက်ပျိုးခြင်း လုပ်ငန်းများကိုအားပြုလုပ်ကိုင်သောကြောင့် တစ်ရွာလုံး၏ဝင်ငွေမှာ မိသားစု စားဝတ် နေရေးအတွက် လောက်ငရုံသာရှိသောကြောင့်သာမန်အားဖြင့် ဝင်ငွေလျော့နည်း ကြပါသည်။ ကျေးရွာမိသားစုများ၏ ဥစ္စာခနေအဆင့်သတ်မှတ်ရာတွင် ကျေးရွာရှိရှေ့မီနောက်မီ ကျေးရွာ၏ အကြောင်းကို ဂဃနဏသိရှိသောရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာ အုပ်ချုပ်ရေးမှူး (သူကြီး)တို့မှ သတ်မှတ်ကြပြီး အိမ်ထောင်စု(၈၅)စုတွင် အဆင်ပြေသော အိမ်ထောင်စု(၆)စု၊ အလယ်အလတ်အဆင့်(၆၇)စု၊ မပြေလည်သောအိမ်ထောင်စု (၁၂)စု ရှိသည်ဟုသတ်မှတ်ကြပါသည်။ ဥစ္စာခနေအဆင့် သတ်မှတ်မှုမှာ ကျွန်ုပ်တို့ရွာကျေးရွာသူ /သားများ ၏ ဥယျာဉ်ခြံမြေပိုင်ဆိုင်မှု၊ အိမ်အခြေအနေ၊ မော်တော်ကား၊ ဆိုင်ကယ်၊ လက်ကိုင်ဖုန်း၊ ဆိုလာမီး စသည်တို့ပေါ် မူတည်၍ အဓိကထားတိုင်းတာပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

**မဲတိုင်း**ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ်ထောင်စုမရှိပါ။ ကျေးရွာတွင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါကအဆင်ပြေသော အိမ်ထောင်စုများနှင့်အသင့်အတင့်ရှိသော အိမ်ထောင်စုများအနေဖြင့် ပြန်လည်ရုန်းထနိုင်သော အခြေအနေများ ရှိသော်လည်း အဆင်မပြေနှင့်အလွန်အဆင်မပြေသောအိမ်ထောင်စုများ အနေဖြင့် ထိခိုက်လွယ်မှု စိုးရိမ်မှုရှိပါကြောင်း တွေ့ရှိရပါသည်။ **သက်ကြီးရွယ်အို(၆၅)နှစ် အထက် သက်ကြီးရွယ်အိုများရှိကြပြီး အတူနေမိသားစုဝင်များမှ စောင့်ရှောက်မှုပေးလျှက်ရှိပါသည်။ ဆင်းရဲပြီးအမျိုးသမီးဦးဆောင်သော အိမ်ထောင်စုအနည်းငယ်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများဖြင့် မိသားစု စားဝတ်နေရေးအဆင်ပြေအောင်ဆောင်ရွက်နေကြရပါသည်။**

**(ဃ) ကျန်းမာရေးနှင့်အာဟာရ** ကျေးရွာတွင်ယခုအချိန်ထိ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ရောဂါကြီးကြီးမားမားဖြစ်ပွားမှုမရှိပါ။ **ကျေးရွာလူထုအနေဖြင့် ရာသီဥတုအခြေအနေအရဖြစ်ပွားသည့်ရာသီတုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးရောဂါများသာ ဖြစ်ပွားတတ်သည်ကိုတွေ့ရှိ**ရပါသည်။ ကျေးရွာတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးသူနာပြုဆရာမများမှလစဉ် ကျေးရွာတွင် အချိန်ပိုင်းတာဝန်ဖြင့်လာရောက်ကုသပေးခြင်းများရှိပါသည်။ ကျန်းမာရေး ပြဿနာကြီးကြီး မားမားမရှိသော်လည်း ကျေးရွာသူ/သား များအနေဖြင့် တစ်ကိုယ်ရည် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများစားသုံးရေး၊ အရက်သေစာသောက်သုံးခြင်း၏ အန္တရာယ်၊ ကွမ်းစားခြင်း၏အန္တရာယ်စသည့် အခြေခံကျန်းမာရေး အသိများတိုးပွားရန် လိုအပ်နေသည်ဟု ကျေးရွာလူထု၏နေထိုင်မှုပုံစံကို လေ့လာခြင်းဖြင့် သိနိုင်ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး မူလတန်းအဆင့်တတ်မြောက်သူဦးရေမှာ (၅၂)ဦး ရှိပါသည်။ အလယ်တန်းအဆင့် ပညာသင်ကြား တတ်မြောက်သူ( ၉ )ဦး အထက်တန်းအဆင့်တတ်မြောက်သူဦးရေ(၇)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ(၄)ဦး ရှိပြီးစာမတတ်သူမရှိပါ။

## (စ) ကျား၊ မဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်အမျိုးသားနှင့် အမျိုးသမီးအများစုမှာ မူလတန်းပညာအဆင့်၊ အလယ်တန်းပညာအဆင့် ပညာသင်ကြားကြပြီး အမျိုးသားပညာတက်များပို၍များပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းများ(ရပ်မိရပ်ဖအဖွဲ့၊ လူငယ်ပရဟိတအဖွဲ့၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးမှုအဖွဲ့) စသည်တို့တွင် အမျိုးသမီးများပါဝင်မှုအားနည်း ကြောင်းတွေ့ရှိရပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

မဲတိုင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ် အကောင်အထည် ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း၌ ရပ်မိရပ်ဖအဖွဲ့၊အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးကော်မတီအဖွဲ့၊ ဂေါပကအဖွဲ့၊ ဓမ္မစကြာအသင်းအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးမှုအဖွဲ့စသည့် အသင်းအဖွဲ့များရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့က အဓိကထား ဆောင်ရွက်ကြပါသည်။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ကြက်သွန်ဖြူ၊ ပြောင်း၊ သနပ်ဖက်၊ စပါး စသည်တို့စိုက်ပျိုးကြပြီး လယ်မြေ(၂၀)ကေ ၊ တောင်ယာမြေ(၃၄၀)ကေ၊ ဥယာဉ်ခြံမြေ(၅)ကေ ရှိပါသည်။ စိုက်ပျိုးရာတွင် သီးနှံဈေးကွက် မတည်ငြိမ်မှု၊ ရာသီဥတုမမှန်မှုများနှင့်ရင်ဆိုင်ရပါသည်။ ထို့အပြင် သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုများ ရှိနေသည့်အတွက် ပိုးသတ်ဆေး သုံးစွဲရာတွင်ပိုးသတ်ဆေး စနစ်တကျ အသုံးပြုပုံနှင့် နှိမ်နင်းရမည့် နည်းစနစ်များ မသိရှိခြင်းတို့ကြောင့် နည်းစနစ်ကောင်းများနှင့်မှန်ကန်သော ပိုးသတ်ဆေးများ ရရှိရေးတို့အတွက် လိုအပ်လျှက်ရှိပါသည်။ မွေးမြူရေးကဏ္ဍတွင် ကျေးရွာရှိတောင်သူ အများစုမှာ စီးပွားဖြစ် မွေးမြူခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီးကျေးရွာ အနီးပတ်ဝန်းကျင်ရှိ မြေလွတ်မြေရိုင်းများအား စားကျက်မြေအဖြစ် အသုံးပြုကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းသည် နိုင်ငံရပ်ခြား (မလေးရှား/ထိုင်း) နိုင်ငံများသို့သွား ရောက်လုပ်ကိုင်ကြသူအနည်းငယ်ရှိပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေယာလုပ်ငန်းပြောင်းကို အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြသဖြင့် မြေယာ စိုက်ပျိုး ရန်အတွက် သစ်ပင်များခုတ်ထွင် ရှင်းလင်းပြီးတိုင်းပြန်လည် စိုက်ပျိုးခြင်း မရှိခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုနှုန်းအများဆုံး ဖြစ်ပွားလျှက်ရှိပါသည်။ ထို့အပြင် ပြောင်းနှင့် အခြားစိုက်ပျိုးရာတွင်အသုံးပြုသော ပိုးသတ်ဆေးများသည် အရည်အသွေးနိမ့်ခြင်း၊ အတုအပများ သုံးစွဲမိခြင်း၊ ပိုးသတ်ဆေးများ စနစ်တကျမသုံးစွဲတတ်ခြင်း တို့ကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် သဘာဝ မြေဆီမြေလွှာများ အရည်အသွေးကျဆင်းခြင်း များခံစားရပါသည်။ ရေရှားပါးခြင်း၊ ဆောင်းရာသီတွင်ရာသီဥတု ဖောက်ပြန်ကာအအေးလွန်ကဲခြင်းတို့ကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးခြင်းတို့ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ် များဖြစ်သော သစ်တော၊ ဝါးရုံတောများ ရှိသော်လည်း ကျေးရွာအတွင်းမှထုတ်ယူသုံးစွဲကြခြင်း၊ ပြန်လည်စိုက်ပျိုးရန် အသိမရှိခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် အိမ်ထောင်စုအလိုက်

သစ်တောသစ်ပင် ပြန်လည် စိုက်ပျိုးခြင်း၊ တစ်ပင်ခုတ်တစ်ပင် ပြန်လည်စိုက်ပျိုးနည်းများ အသိပညာဖြန့်ဝေပေးရန် လိုအပ် လျှက်ရှိ ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများလာရောက်မှု မရှိ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့အတွက် ချေးငွေရရှိမှု အခက်ခဲများနှင့်ကြုံတွေ့ရပါကကျေးရွာ အတွင်းအဆင်ပြေသော အိမ်ထောင်စုများထံမှငွေရှင်နှင့် ချေးငွေသဘောတူညီချက်ဖြင့် ငွေ(၁၀၀)ကျပ်လျှင် အတိုးငွေရငွေ(၃)ကျပ်ဖြင့်သော်လည်းကောင်း၊ ပွဲစားများထံမှလည်း ငွေ(၁၀၀)ကျပ်လျှင် အတိုးငွေ(၃)ကျပ်ဖြင့်သော် လည်းကောင်း ချေးယူနေရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ မူလတန်း ကျောင်းသား/သူ (၈၂)ဦးရှိပါသည်။ ကျောင်းဆရာမ(၄)ဦးရှိပြီး ကျောင်းဆရာအင်အား လုံလောက်မှုရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ကျေးရွာဆေးပေးခန်းမရှိပါ။ သာမန်နေမကောင်း ဖြစ်ပါက ကျေးရွာနှင့်(၃)မိုင်ခန့် ဝေးသော ကျောက်တလုံးကြီးမြို့နယ်တွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် မြို့နယ်ဆေးရုံတို့ ရှိပါသည်။ ထို့အပြင်ကျေးရွာ(၆၀)မိုင်ခန့် အကွာတွင် ရှိသောမြို့နယ်ဆေးရုံဖြစ်သည့် တောင်ကြီးဆေးရုံ သို့လည်း သွားရောက် ကုသကြရပါသည်။

သောက်သုံးရေအတွက် ကျေးရွာ၏ တွင်းရေကို အသုံးပြုကြပါသည်။ တစ်ရွာလုံး ယင်လုံ အိမ်သာ (ရေလောင်းအိမ်သာ) အသုံးပြုကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အားလပ်ချိန်တွင် အပန်းဖြေနိုင်စရာနေရာမရှိပါ။ အဘိုးအဘွားများ ဥပုလ်သီလ ဆောက်တည်ကြသောကာလများနှင့်သာရေးနာရေးပွဲများတွင် လူငယ်အဖွဲ့မှ လူကြီးများနှင့် အတူ တက်တက်ကြွကြွပါဝင် ကူညီကြပါသည်။

## (ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိရွာလယ်လမ်းနှင့် ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ ကျေးရွာသူ/ သားအသုံးပြုနေသောလမ်းမှာ ကောင်းမွန်မှုမရှိသဖြင့် ကိုယ်ထူကိုယ်ထလမ်းများ ချဲ့ထွင်ခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း၊ မိုးရာသီတွင်ရေကြီးသဖြင့်လမ်းများ မကြာခဏ ပျက်စီးသဖြင့် ပြင်ဆင်မှုများ အချိန်ပြည့် ဆောင်ရွက်နေရပါသည်။ တောင်ကြီးမြို့မှ ကျေးရွာသို့ သွားသည့်လမ်းမှာ မြေသားလမ်းဖြစ်ခြင်း၊ လမ်းအကျယ်ကျဉ်းခြင်းတို့ကြောင့် နွေရာသီတွင် သွားလာရ အဆင်ပြေသော်လည်း မိုးရာသီတွင် လမ်းချော်ခြင်းများဖြစ်ပေါ်နေပါသဖြင့် လမ်းပြုပြင်

ရန်လိုအပ်လျှက်ရှိပါသည်။ သွားလာရေးအတွက် ဆိုင်ကယ်(၅၀)စီး၊ ကား (၈)စီး၊ နွားလှည်း (၃)စီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာရှိအသုံးပြုနေသော ကုန်ထုတ်လမ်းမှာ ကျောက်ရော မြေသားလမ်းဖြစ်ပြီးတောင်စောင်းလမ်းဖြစ်သောကြောင့် တစ်နှစ်တစ်ခါ ကျေးရွာလူထု၏ လူအား ငွေအားဖြင့်ပြုပြင်သော်လည်း မိုးတွင်း အခါတွင်သဲများတိုက်စားခံနေရပါသဖြင့် ကျေးရွာပင်မ ကုန်ထုတ်လမ်းအား ပြုပြင် ရန်လိုအပ်လျှက်ရှိပါသည်။

ကျေးရွာရှိအိမ်ထောင်စုအများစုမှ ဆိုလာမီးများကိုသာအသုံးပြုနိုင်ကြသည်။

ကျေးရွာရှိ အိမ်ထောင်စုများမှ (အမ်ပီတီ၊ အော်ရီဒူး၊ မိုင်တဲ) အသုံးပြုကြ ပါသည်။ ဆက်သွယ်ရေးကွန်ယက်များအနေဖြင့် (အမ်ပီတီ၊အော်ရီဒူး၊မိုင်တဲ) လိုင်းများအသုံးပြုရ အဆင်မ ပြေပါ။ ဖုန်းဖြင့်အင်တာနက် သုံးစွဲကြသော်လည်း လိုင်းမကောင်းသောကြောင့် ဗဟုသုတရှာဖွေရန် နှင့်သတင်းအချက်အလက်များ ရယူရန်အဆင်မပြေဖြစ်ကြရပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ ကလေးလူငယ်များ အသိပညာအတတ်ပညာနှင့် ဗဟုသုတများ သိရှိမှု နှောင့်နှေးနေပါ၍ အားလပ်ချိန် များတွင် စာပေဖတ်ရှုနိုင်ရေး အတွက် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် လိုအပ်ပါသည်။ စာအုပ်များ ထောက်ပံ့ပေး ရန်လည်း လိုအပ်ပါသည်။

## (၈) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာအတွင်းမှုခင်းဖြစ်ပွားမှုအခြေအနေမှာ ရွာတွင်မူးယစ်ဆေးသုံးစွဲသူများသောကြောင့် တည်ငြိမ်အေးချမ်းမှုမရှိပါသည်။ ခိုးမှုလည်းအနည်းအကျဉ်ရှိပါသည်။အရေးပေါ်ပေါ်ပေါက်လာပါက ရဲစခန်းသို့ အလွယ်အတူချိတ်ဆက် ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာအတွင်း အမျိုးသမီးများအား အကြမ်းဖက်ခံရမှုများလည်းမရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံ ဖြစ်ထွန်း နိုင်သော အပူချိန်၊ သဘာဝပတ်ဝန်းကျင်စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံစိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ သနပ်ဖက်၊စပါး၊ ကြက်သွန်ဖြူ၊ ပြောင်းစသည့် စိုက်ပျိုးရောင်းချသည့် ဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှုဈေးကွက်၊ သီးနှံပွဲရုံ၊ အဝယ်ဒိုင်များထား ရှိရန်လိုအပ်ပါ သည်။ ထိုပြင်ကုန်စည် ပို့ဆောင် ရေးဝန်ဆောင်မှု များရရှိ ရန်လည်းလိုအပ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း ဘိုဘွားစဉ်ဆက် စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ခဲ့သော ဒေသဖြစ်သည့်အလျှောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်မှုရှိကြပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝသယံဇာတများဖြစ်သည့် ကုန်းမြင့်ယာမြေနှင့် ဥယာဉ်ခြံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများရှိခြင်း၊ မြေလွတ်မြေလပ် အနည်းငယ်ရှိခြင်း၊

သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေး လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်နိုင်မည်အခြေအနေ ကောင်းများလည်းရှိပါသည်။

**(ခ)အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

သီးနှံစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဟန့်အတားတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုအရ သစ်တောပြုန်းတီးလာခြင်း၊ မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံး သီးပင်စားပင်များ စိုက်ပျိုးနိုင်ရေးအတွက်စိုက်ပျိုးရေရရှိရေး အစီအစဉ်များရှာဖွေဖော်ထုတ်ရန် လိုအပ်ပါမည်။

ကျေးရွာရှိဝင်ငွေနည်းသောမိသားစုများမှ သီးနှံစိုက်ပျိုးစရိတ်၊ တိရိစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များ တည်ထောင်လည်ပတ်လုပ်ကိုင်ရန်စရိတ်တို့အတွက် သင့်လျော်သောချေးငွေ၊ ငွေကြေးဝန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ ဒေသတွင်းဌာနဆိုင်ရာများမှ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အနေဖြင့် လာရောက်ကူညီဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာလူထု၏လိုအပ်ချက်များအား ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်မျိုး ဖြစ်ရန်လိုအပ်လျှက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါကလည်း သမရိုးကျမွေးမြူနည်းသာ သိရှိသောကြောင့် ကြီးထွားမှုနောက်ကျခြင်းနှင့် စနစ်တကျမွေးမြူနည်း မသိရှိခြင်းတို့ကြောင့် စီးပွားဖြစ်မွေးမြူရန်နှင့် အကျိုးအမြတ်ရရှိရန် အဟန့် အတားတစ်ရပ် ဖြစ်နေပါသည်။

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်များချမှတ်ရာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီးအောက်ပါရည်မှန်း ချက်များကိုချမှတ်ထားပါသည်-

(၁) ကျေးရွာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာ မီးလင်း ရေးနှင့် ကျေးရွာ အခြေခံအဆောက်အဦးများဖွံ့ဖြိုး တိုးတက်သော ကျေးရွာ ဖြစ်လာရေး၊

(၂) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းနှင့် အခြားဝင်ငွေရဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး ၊

(၃) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပတ်ဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်ကောင်းများပိုင်ဆိုင်သောကျေးရွာဖြစ်လာစေရေး။

**(ခ) နည်းဗျူဟာ**

(၁) ကျွန်ုပ်တို့ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရေး အတွက် ယခုလက်ရှိဖွဲ့စည်းလိုက်သော ကျေးရွာကော်မတီသည်အစိုးရ ဌာနများ၊ အခြား ပြင်ပ အဖွဲ့အစည်းများ ၊ ပုဂ္ဂိုလ်လုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ကျေးရွာ ဖွံ့ဖြိုးရေးစီမံ ချက်များအားဦးဆောင်အကောင် အထည်ဖော်ဆောင်ရွက်မည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် ဝန်ဆောင်မှုအကူအညီများရရှိရေး အတွက်ဦးဆောင်သွားမည် ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများနှင့်လည်း ညှိနှိုင်းတိုင်ပင်၍ လုပ်ငန်းတာဝန်များ ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။

(၂) သီးနှံစိုက်ပျိုးမှုတွင်လည်းမိရိုးဖလာစိုက်ပျိုးနည်းကိုသာ အားမကိုးပဲ ဒေသရာသီ ဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် ကော်ဖီ၊ ထောပတ်၊ သရက်ကဲ့သို့သော သီးပင်များကို သိပ္ပံနည်းကျ စိုက်ပျိုး လုပ်ဆောင် ရာတွင်မျိုးကောင်းမျိုးသန့်များ ရရှိ၍အထွက်နှုန်းတိုးတက်လာစေရန် လုပ်ဆောင် သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှလက်ရှိ ထုတ်လုပ်နေသည့်ကုန်ကြမ်းများကို ကုန်ချောအဖြစ်သို့ မြှင့်တင်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်။ လိုအပ်သည့် နည်းပညာနှင့် ဗဟုသုတများကို ရယူနိုင်ရန်ဌာနဆိုင်ရာများ ပုဂ္ဂလိကလုပ်ငန်းရှင် များနှင့် ဆက်သွယ်၍ကျေးရွာတွင်း သင်တန်းများဖွင့်လှစ် ပို့ချခြင်း ဆောင်ရွက် သွားမည်။

(၃) တိရိစ္ဆာန်မွေးမြူရေးကဏ္ဍတွင်လည်းယခုအခါတွင် မိသားစုတနိုင်တပိုင်သာ မွေးမြူ ကြပြီး နောင်တွင် ကျွဲ၊ နွား၊ ကြက် များအား စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် မွေးမြူလာနိုင် စေရန်ရေရှည်စီမံချက်များချမှတ်၍ ကျေးရွာသူ၊ ကျေးရွာသားများအား လုပ်ကိုင် ချင်စိတ်ရှိလာစေရန် စည်းရုံး အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

(၄) ကျေးရွာလူထု(လူကြီး၊ လူလတ်၊ လူငယ်)များအတွက် အလုပ်အကိုင် အခွင့်အလမ်း များပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံများနှင့် မွေးမြူရေး ထွက်ကုန်များထုတ်လုပ် ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများ တည်ထောင်ခြင်း ၎င်းလုပ်ငန်းများ လုပ်ကိုင်ရန် ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိ အောင် မြို့နယ် ဌာနဆိုင်ရာ များသို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏ အကူအညီကို ရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်း ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ တိုးတက်လာရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှု တိုးတက်လာရေးအတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာ ကော်မတီတို့ ပူးပေါင်း ရေးဆွဲ အကောင်အထည်ဖော်မည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောများ ပြုန်းတီးမှုလျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီယူ၍ သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်တန်းများရယူခြင်း၊ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများနိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကိုရည်ညွှန်းကျွမ်းဝင်ပြီးသောအစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် တာဝန်ယူ ဆောင်ရွက်သည့် အကြံပေးအဖွဲ့တို့၏ အကြံပြုချက်များအရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်အထိ ပံ့ပိုးမှုပေး နိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ ဦးစားပေးလုပ်ငန်းစီမံချက်အစီအစဉ်အား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များပါဦးစားပေးလုပ်ငန်းစီမံချက်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စီစစ်ဆောင်ရွက်သွားပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုး ရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင် နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေး ယင်းသီးနှံ များအားသမရိုးကျမဟုတ်ပဲ သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်ရေး၊ ထွက်ကုန်သီးနှံများ အားထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှုဆိုင်ရာအသုံးပြုမှု နည်းပညာနှင့် နည်းစနစ်များဖော်ပြပါထုတ်ကုန်များအား ကုန်ချောထုတ်လုပ်မှုဆိုင်ရာ နည်းပညာများစသည် တို့တတ်ကျွမ်းနားလည်ရေးနှင့် အသုံးချနိုင်ရေး အတွက်နည်းပညာဝန်ဆောင်မှုများ လိုအပ်ပါသည်။ အလားတူပင် မွေးမြူရေး ကဏ္ဍတွင်လည်း တိရိစ္ဆာန်ရောဂါကာကွယ် ကုသရေးတနိုင်တပိုင်မွေးမြူရေး စနစ်ဖြင့်မွေးမြူနည်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများလည်း လိုအပ်ပါမည်။ မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့်ဖော်ပြပါကိစ္စရပ် များအတွက်ကျေးရွာလူထု၏ လိုအပ်ချက်များအား ထိရောက်စွာ ကူညီပံ့ပိုးပေး နိုင်မည့် အစီအစဉ်များ လိုအပ်ပါမည်။

## (ဂ)ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန်ပုဂ္ဂလိကရင်းနှီးမြှပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင်အသေးစားနှင့်အလတ်စားစီးပွားရေး ကုန်ထုတ် လုပ်ငန်း များဖွံ့ဖြိုးမှသာ ကျေးရွာထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်စည်စီးဆင်းမှုများကောင်းမွန် မည်ဖြစ်ပါသည်။ ထို့ကြောင့်သီးနှံထုတ်လုပ်ရေး၊ ထုတ်ကုန်များသိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက်ပုဂ္ဂလိကရင်းနှီးမြှပ်နှံမှုများ ဖွံ့ဖြိုးရန် အခြေအနေကောင်းများ ဖန်တီးနိုင်မည့် မူဝါဒများ လိုအပ်ပါသည်။

## (ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

အစိုးရဘဏ်လုပ်ငန်း၊ ပုဂ္ဂလိကဘဏ်လုပ်ငန်းများကိုလည်း အဆင်မပြေ သောတောင်သူနှင့် ဝင်ငွေအသင့်အတင့်ရှိသောတောင်သူ၊ ဝင်ငွေအလယ် အလတ်ရှိ သောတောင်သူကြီးများ အတွက် လိုအပ်သော ချေးငွေရရှိရန်နည်းစနစ်များကို ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်ယာစိုက်ပျိုးရေး လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

## (စ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေမည့်နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိလာအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယခုရေးဆွဲထားသော စီမံကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင်ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အဆိုပါစီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုနှင့် ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် စီစစ်ရေးဆွဲ ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပါ၊ ကျေးရွာလူထု အနေဖြင့်စီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်မှု (၂)နှစ်၊ (၃)နှစ်ကာလကျော်လွန် လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများထပ်မံဖော်ထုတ်လုပ်ဆောင်ရန် လိုအပ်လာပါမည်၊ ဆိုးရွားသော သဘာဝ ဘေးအန္တရာယ်ကျရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာဖွံ့ဖြိုးရေးစီမံချက်သည် ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း ကျေးရွာ၏အမှန်လိုအပ်ချက်အရ စီမံကိန်းငါးနှစ်တာအတွင်းထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။ ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအားပြုပြင်မွမ်းမံနိုင်ခြင်း တို့ကိုပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ကျေးရွာတွင်ဖြစ်ပေါ်လာသောဖွံ့ဖြိုးရေး လိုအပ်ချက်သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် ဘတ်ဂျက်များပေါ်မူတည်၍ စီမံချက်ပါ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ကျေးရွာ၏ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေး

ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါ သည်။

**(ခ) ဦးစားပေးစီမံချက်**

ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းကောင်းစဉ်များ ထွက်ပေါ်လာပါမည်။ ယင်းလုပ်ငန်း များအနက် တက်ရောက်သူ ကျေးရွာသား၊ ကျေးရွာသူ အုပ်စု(၅)အုပ်စုရှိ အဖွဲ့ဝင်များမှ ဦးစား ပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာ ပိုင်ဆိုင်ရာနှင့် ငွေကြေးအသေးစိတ်အထောက်အပံ့များကို မြို့နယ် အဆင့်အစိုးရဌာန များနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

**(ဂ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက် ချက်များအားအခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကာလများကိုလည်း နှစ်စဉ်ပြုပြင်ရေးဆွဲသွားပါမည်။ စီမံကိန်းကာလအပိုင်း အခြားများကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| **တောင်ကြီးမြို့နယ်ကျေးက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | | | | | | | |
|---|---|---|---|---|---|---|---|
| **ပင်ထွန်ကျေးရွာအုပ်စု၊ မဲတိုင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း** | | | | | | | |
| **စဉ်** | **စီမံချက်/လုပ်ငန်းအမည်** | **ဦးစားပေးအဆင့်** | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
| ၁ | ကျေးရွာခန်းမတည်ဆောက်ခြင်း | ပထမ | Â | | | | |
| ၂ | မဲတိုင်း-နောင်ဖက်ပုန်းကျေးရွာ ချင်းဆက် လမ်းခင်းခြင်း | ဒုတိယ | | Â | | | |
| ၃ | မူကြိုကျောင်းဆောင်လုပ်ခြင်း | တတိယ | | | Â | | |
| ၄ | မဲတိုင်း-ကျောက်တလုံးကျေးရွာ ခြင်းဆက်လမ်း ကျောက်ချောခင်းခြင်း | စတုတ္ထ | | | | Â | |
| ၅ | မဲတိုင်- နောင်ဟိုင်းငယ်ကျေးရွာချင်းဆက် လမ်းခင်းခြင်း | ပဥ္စမ | | | | | Â |

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင် အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို

ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်း စီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစား ဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့် ငွေရေး ကြေးရေးအစီအစဉ်များပါဝင်ပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာ ဆိုင်ရာအသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်း များထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင် ပြောင်းလဲနိုင်သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုး ရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ် များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုမှ ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ် သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အောင်မြင်အောင်ဆောင်ရွက်ရန်တာဝန်မှာကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးကိုအဓိက တာဝန်ယူဆောင် ရွက်ရပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်းပြီး သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်း ရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတက်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေး စသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များစိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများ အတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကတာဝန် ပေးထားသော အဖွဲ့၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ**

မဲတိုင်းကျေးရွာကော်မတီအနေဖြင့် စီမံချက်ပါလုပ်ငန်းတစ်ခုချင်းစီအတွက်နှစ် အလိုက်ရေရှိရေးနှင့်ရရှိလာမည်စီမံချက်ပါ လုပ်ငန်းများအားရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိဆောင်ရွက်သွားမည်။ ဥပမာအားဖြင့် ကျေးရွာကုန်ထုတ်လမ်းလုပ်ငန်းတွင် လမ်းရေရှည် တည်တံ့ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ အတွက်ကျေးရွာရှိ အိမ်ထောင်စုများထံမှ ငွေအား/ လူအားအချိုးကျ ကျခံစေ၍ ဆောင်ရွက်သွားမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများနှစ်အလိုက်ရရှိရန်လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့များအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင် ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ ရေပေးရေးလုပ်ငန်းအတွက် ရေပေးရေးကောမတီ စသည်ဖြင့်ဆောင်ရွက်သွားပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျစောင့်ကြည့်ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အကဲဖြတ်ခြင်း လုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းကိုအသုံးပြုပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို ဆောင်ရွက်ရာတွင် ကျေးရွာလူထုဗဟိုပြု၍ အားလုံး ပူးပေါင်းပါဝင်သော အဖွဲ့ဖြင့် ကျေးရွာ အတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ပါ မည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျကြီးကြပ်စေပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသော အဖွဲ့ အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။ အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးသည်မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များရရှိ အောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါသည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီ၏ အဖွဲ့အသီးသီးသည်၎င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှုအစီရင်ခံစာကို ကျေးရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက် များ ပေါ်တွင် ဦးတည်ပါမည်-

**(၁) လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု**

စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်တိုးတက်မှုနှင့်ပြီးမြောက်မှု အတိုင်းအတာ၊ အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲ ၊ အဟန့်အတားများနှင့် ပြုပြင် သင့်သောအဆိုပြုချက်များ၊ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးနည်းဗျူဟာ နှင့် စီမံချက်များ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု**

ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု၊ (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန် ၊ ငွေသားနှင့် ငွေသား မဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့ရသော အခက်အခဲများပြဿနာများ၊ ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြု နည်းလမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ် စစ် ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးနှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ ကျေးရွာသူ၊ ကျေးရွာသားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ ၊ လိုအပ်သော အကူအညီ ထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးပြီးချိန်တွင် စီမံကိန်း၏တိုးတက်မှု အခြေအနေကို ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ နှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီး နိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့ အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင် သူများ၊ ပုဂ္ဂိုလ်က လုပ်ငန်းရှင်များ)
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ(ဥပမာ မြို့နယ်အတွင်းရှိ **NEO** ၊ **INGO** အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ထိုကဲ့သို့ ဖိတ်ကြားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူ နိုင်သောအခွင့်အလမ်းကိုရရှိမည် ဖြစ် ပါသည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာပိုင်းဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးခြင်းအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများ ကိုမြို့နယ်အဖွဲ့အစည်းများ ထံမှလိုအပ်မည်ဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၂၂ | ၄၀ | | |

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၂၅ | ၄၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၄ | ၂၅ | ၄၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၆ | ၁၈၇ | ၃၇၃ | ၁ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၄ | ၈ | | |
| စုစုပေါင်း | | ၂၅၀ | ၂၆၇ | ၅၁၇ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၈၅ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုအနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။

.(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈၅ | | | ၁၅၀ | ၁၆၅ | | မြင့်☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
